## ငြိမ်းချမ်းစွာ .... ပြည်မြန်မာသို့

သွားကျိုးပြီးခါးကုန်းနေတဲ့
ငယ်ရုပ်ပျောက်ဇရာအိုကြီး
ပြည်တွင်းစစ်မီးကလည်း
မနက်ဖြန်အတွက်
ကြယ်ဖြူလေးတွေရဲ့သွေး
ဖောက်ဖောက်သောက်နေဆဲ
အရိုးတွေနေရာအနှံ့မြုပ်နှံစုဆောင်းနေဆဲ ။

တောင်ယာတွေက တောင်ကတုံး
လယ်ယာတွေက ပျောက်ဆုံးနေကန်သင်းလုံး
လယ်သူ/သားတွေက ပြောင်းရ ရွှေ့ရ တရုံးရုံး
ဒါတွေကောက်စားသူတွေက ကောက်စား
ချောက်ချားစရာ
တို့ပြည်မြန်မာကြီး
ဒီခရီးအဆုံးသတ်
နွေးထွေးစွာဆုံးဖြတ်ကြပါစို့ ။

တချို့ထက်ပိုင်းကျိုး
တချို့ကြုံလို့
အနားညီကြိုးတွေပြတ်တောက်
အဖွားအိမ်ကဝါးကြမ်းခင်းပြောက်ကျားလို
တိုင်းပြည်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ ။

ရင်ကြားစေ့ဆိုလည်း ရင်ကြားစေ့
နှစ်ပွင့်...သုံးပွင့် ဘယ်လိုပဲဖြစ်ဖြစ်
ရပ်စဲပစ်ဖို့ ပြည်တွင်းစစ်
တစ်ယောက်မကျန်လွှတ်ပေး
နိုင်ငံရေးအကျဉ်းသားအမှန်
စစ်မှန်တဲ့ငြိမ်းချမ်းရေး
ဒါပြည်သူတို့ရဲ့အရေး
ဒါပြည်သူတို့အတွက်
အသက်မက ပြင်းပြတဲ့ အာသီသ။

သေဆို သေ
နေဆိုရင်လည်း နေ
ဆေးထိုးစေခိုင်း
ကျောက်ခေတ်ကအရိုင်းပမာ
ရင်မှာနှလုံးသားမလာ
စက်ရုပ်စစ်သားတချို့နဲ့
အခွင့်အရေးရဖို့...ဆိုရင်ပြီးရော
လောကထဲကလောကထွက်နေကြ
သတိဉာဏ်ယှဉ်ရင်လဲရ
အဓွ နဲ့ သခ်ါရလောက
ကြာကြာမှမနေရတာ(ရေပွက်ပမာ)
ကိုယ်ချင်းစာပေါ့ သူငယ်ချင်း
ဗြဟ္မာစိုရ်ကြီး တင်းရမယ်မပြောပါ
ငြိမ်းချမ်းစွာ... ပြည်မြန်မာသို့... ။ ။

၂၅-၁၂-၂၀၁၀